# သင့်တွင် အသည်းရောင်အသားဝါ ဘီပိုးရှိနေပြီး သင်က ကိုယ်ဝန်ရှိနေပါက သင့်ကလေးငယ်၏ကျန်းမာရေးနှင့် သင်၏ကျန်းမာရေးကို ကာကွယ်ရမည့်နည်းလမ်း

**အသည်းရောင်အသားဝါ ဘီပိုးသည် သင့်ကလေးငယ်အနေဖြင့် တစ်ဘဝလုံး ဖြစ်သွားနိုင်သည့် အရေးကြီးသော ရောဂါတစ်ခု ဖြစ်ပါသည်။ သင်က ကိုယ်ဝန်ရှိနေပြီး အသည်းရောင်အသားဝါ ဘီပိုး ရှိနေပါက၊ မွေးဖွားချိန်တွင် သင်၏သွေးဖြင့် ထိမိခြင်းမှတစ်ဆင့် သင်၏ မွေးကင်းစကလေးကို ဗိုင်းရပ်စ် ကူးစက်သွားနိုင်ပါသည်။ သင့်ကလေးငယ်ထံ ကူးစက်မှုကို တားဆီးကာ သင့်ကိုယ်သင် ကျန်းမာအောင်နေထိုင်ရန်၊ ကိုယ်ဝန်ဆောင်ချိန်အစောပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူနှင့် တွေ့ဆုံကာ အသည်းရောင်အသားဝါ ဘီပိုးအကြောင်းကို ၎င်းတို့အား ပြောပြပါ။**



**ကိုယ်ဝန်ဆောင်နေစဉ်နှင့် ကိုယ်ဝန်ဆောင်ပြီးနောက် သင်၏စောင့်ရှောက်ကုသမှုနှင့် သင့်ကလေးငယ်၏ စောင့်ရှောက်ကုသမှုကို ခြေရာခံရန် ဤဇယားကို အသုံးပြုပါ။**

## မိခင်အတွက်

### ကိုယ်ဝန်ဆောင်နေစဉ်အတွင်း

- ✔ သင်၏ အသည်းရောင်အသားဝါ ဘီပိုး ဗိုင်းရပ်စ်အဆင့်နှင့် သင့်အသည်း၏ လုပ်ဆောင်ချက်တို့ကို စစ်ဆေးရန် ကိုယ်ဝန်ဆောင်ချိန်အစောပိုင်းတွင် အသည်းရောင်အသားဝါ ဘီပိုး စောင့်ရှောက်ကုသမှုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူနှင့် တွေ့ဆုံပါ။
  - လိုအပ်ပါက၊ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူသည် အသည်းရောင်အသားဝါ ဘီပိုး ဆေးများကို ဆေးညွှန်းပေးနိုင်ပါသည်။

### မွေးဖွားချိန်တွင်

- ✔ ဆေးရုံရှိဝန်ထမ်းက သင့်တွင် အသည်းရောင်အသားဝါ ဘီပိုးရှိနေသည်ကို သိထားကြောင်း သေချာအောင်လုပ်ပါ။
- ✔ သင့်ကလေးအတွက် စောင့်ရှောက်မှုပေးမည့် ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူက သင့်တွင် အသည်းရောင်အသားဝါ ဘီပိုးရှိနေသည်ကို သိထားကြောင်း သေချာအောင်လုပ်ပါ။

### မွေးဖွားပြီးချိန်နောက်ပိုင်း

- ✔ 1- 2 လတွင်၊ အသည်းရောင်အသားဝါ ဘီပိုး စောင့်ရှောက်ကုသမှုအတွက် သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူနှင့် နောက်ဆက်တွဲ တွေ့ဆုံစစ်ဆေးပါ။
  - သင်က ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ကုသမှုကို စတင်ခဲ့ခြင်းဖြစ်ပါက ၎င်းက အထူးသဖြင့် အရေးကြီးပါသည်။
- ✔ အနည်းဆုံး 6 လကြာတိုင်းတစ်ခါ အသည်းရောင်အသားဝါ ဘီပိုး စောင့်ကြည့်လေ့လာခြင်းအတွက် သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူနှင့် နောက်ဆက်တွဲ တွေ့ဆုံစစ်ဆေးပါ။

**သင်၏ လက်တွဲဖော်နှင့် သင်နှင့်အတူနေထိုင်သူများသည် သင် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း အသည်းရောင်အသားဝါ ဘီပိုး အတွက် စစ်ဆေးထားကာ ကာကွယ်ဆေးထိုးနှံထားကြောင်း သေချာအောင်လုပ်ပါ။**

## ကလေးငယ်အတွက်

### မွေးဖွားချိန်တွင်

ကလေးငယ်သည် ကူးစက်မှုမှ အကာအကွယ်ဖြစ်ရန် မွေးပြီး 12 နာရီအတွင်း ဆေး 2 လုံး ထိုးနှံရပါမည်-

- ✔ အသည်းရောင်အသားဝါ ဘီပိုး ကိုယ်ခံအား ကလိုဘျူလင်း (HBIG) ဆေးတစ်လုံး
- ✔ ပထမအကြိမ် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးတစ်လုံး

### 1-2 လ

- ✔ သင့်ကလေးသည် ဒုတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးအတွက် အချိန်စေ့ပြီဖြစ်ပါသည်။

### 6 လ

- ✔ သင့်ကလေးသည် တတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးအတွက် အချိန်စေ့ပြီဖြစ်ပါသည်။

### 9-12 လ

- ✔ သင့်ကလေးငယ်သည် ၎င်းတို့၏ အသည်းရောင်အသားဝါ ဘီပိုး ဖော်ပြချက်ကို စစ်ဆေးရန်နှင့် ၎င်းတို့၏ ကာကွယ်မှုအဆင့်ကို အကဲဖြတ်ရန်အတွက် သွေးဖောက်စစ်ဆေးမှုကို လိုအပ်ပါသည်။

### နို့ချိုတိုက်ကျွေးခြင်း

- ✔ နို့ချိုတိုက်ကျွေးခြင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ကလေးငယ်ကို သင်၏သွေးနှင့် ထိတွေ့မိမှုအား လျှော့ချရန် အက်ကွဲနေသော သို့မဟုတ် သွေးထွက်နေသော နို့သီးခေါင်းများ မဖြစ်လာအောင် တားဆီးနိုင်သည့်နည်းလမ်း သို့မဟုတ် လုပ်ဆောင်ရမည့်နည်းလမ်းတို့နှင့်ပတ်သက်၍ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးသူနှင့် စကားပြောဆိုပါ။
- ✔ မွေးကင်းစကလေးငယ်သည် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးနှင့် အသည်းရောင်အသားဝါ ကိုယ်ခံအား ကလိုဘျူလင်းဆေးတို့ကို မွေးဖွားချိန်တွင် ထိုးနှံထားခဲ့ပါက၊ နို့ချို့တိုက်ကျွေးခြင်းမှတစ်ဆင့် မိခင်မှ ကလေးသို့ အသည်းရောင်အသားဝါ ဘီပိုး ကူးစက်မှုအန္တရာယ်မှာ အလွန်ပင်နည်းပါးပါသည်။ သင့်ကလေးငယ်က အဆိုပါဆေးများကို ထိုးနှံလိုက်သည်နှင့်၊ နို့ချိုတိုက်ကျွေးရန် ဘေးကင်းလုံခြုံပါသည်။

doh.wa.gov/hepbhub

DOH 420-441 October 2022 Burmese

ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-525-0127 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် ဖောက်သည်များ အတွက် 711 (Washington Relay) သို့ ဖုန်းခေါ်ပေးပါ သို့မဟုတ် civil.rights@doh.wa.gov သို့ အီးမေးလ်ပို့ပေးပါ။

North East Medical Services၊ www.nems.org ထံမှ ဆီလျော်အောင် ပြင်ဆင်ထားသည်။